# The Arakan International
# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## ကိုမိုရို

## Comoros








ကိုမိုရိုနိုင်ငံသည်အိန္ဒိယသမုဒ္ဒရာထဲတွင်တည်ဟိသည်။ အဓိကကျွန်းကြီး၃ကျွန်းနှင့် အခြားကျွန်းငယ်များစွာဖြင့်ဖွဲ့စည်းလျက် အာဖရိကတိုက်မိုဇမ်ဘိနိုင်ငံနှင့် မက်ဒက်ဂါစကာနိုင်ငံများကြားတွင်တည်ဟိသည့်ကျွန်းနိုင်ငံငယ်ဖြစ်သည်။ အာဖရိက၊ ဥရောပနှင့် အာသျှတိုက်သားများစွာရို့သည်အဆိုပါကျွန်းစုသို့ရာစုနှစ်နှင့်ချီလျက်ကျူးကျော်ဝင်ရောက်ခကတ်သည်။ ယင်းရို့အနက်၁ဖရာစုဝန်းကျင်တွင် ဝင်ရောက်လာကတ်သည့်သျှီရာဇီ(Shirazi)အာရပ်များသည် ကိုမိုရိုကျွန်းသားများအား အစ္စလမ်ဘာသာနှင့်မိတ်ဆက်ပီးခသည်။ ၁၈၄၁မှစ၍ ကိုမိုရိုနိုင်ငံသည် ပြင်သစ်ကိုလိုနီ၏အစိတ်အပိုင်းတခုအဖြစ်တည်ဟိခရာမှ ၁၉၇၅ခုနှစ်တွင် လွတ်လပ်ရေးရဟိသည်။ ၁၉၉၂ခုနှစ်တွင် နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြီခံဥပဒေသစ်ကိုအတည်ပြုပြီး ထိုနှစ်နိုဗမ်ဘာလတွင် ပထမဦးဆုံးသောအထွေထွေရွီးကောက်ပွဲကိုကျင်းပနိူင်ခသည်။ ၁၉၉၉တွင်စစ်ဖက်မှ အာဏာသိမ်းမှုဖြစ်ခပြီးနောက်၂၀၀၁ခုနှစ်ဒီဇီမ်ဘာတွင်နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေသစ်ကိုပြန်လည်ရွီးဆွဲအတည်ပြုပြီး၊ ကိုမိုရိုနိုင်ငံ၏ ကျွန်းလေးကျွန်းမှ တစ်ကျွန်းလျှင်လေးနှစ်ကျစီ အလှည့်ကျသမ္မတ ရွီးကောက်တင်မြှောက်ပြီး အုပ်ချုပ်သည့်စံနစ်ကိုကျင့်သုံးနီပေသည်။

**တရားဝင်အမည်။** ။ ကိုမိုရိုပြည်ထောင်စုကျွန်းနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၇၅

**မြို့တော်။** ။ မိုရိုနီ

**အဓိကမြို့ကြီးများ။** ။ မူစာမူဒူ၊ဖွမ်ဘူနီ။

**လူဦးရေ။** ။ ၇၇၃၄၀၇ (ဂျူလိုင်၊၂၀၁၀)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၈၉၂ ယောက် (၁ စတုရန်းကီလိုမီတာလျှင် ၃၄၄ ယောက်)

**အကျယ်အဝန်း။** ။ ၈၃၈ စတုရန်းမိုင် (၂၁၇၀ စတုရန်းကီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ အာရေဗျ၊ ကိုမိုရန်၊ ပြင်သစ်။

**ကိုးကွယ်သည့်ဘာသာ။** ။ ဆူနီမူဆလိမ် ၉၈ ရာနှုန်း၊ ရိုမန်ကက်သလိ ၁ ရာနှုန်း၊ အခြား ၁ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ကိုမိုရန် ၉၇ ရာနှုန်း၊ အခြား ၃ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွေကြေးယူနိ။** ။ ၁ ကိုမိုရိုဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၅၆ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၁၇၃၅ ခယ်လိုရီ။

**ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဟိကတ်ပါစီ။ ။**